ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**National Community Driven Development Project**
**လူထုဗဟိုပြုစီမံကိန်း၊ လှိုင်းဘွဲ့မြို့နယ်**

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်




## ကြက်တူရွေးကျေးရွာအုပ်စု
## ကျောင်းစုကျေးရွာ

လှိုင်းဘွဲ့မြို့နယ်၊ ကရင်ပြည်နယ် ၂၀၁၉


# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | လိုင်းဘွဲမြို့နယ်အခြေပြမြေပုံ | ၁ |
| ၂။ | ကျေးရွာမြေပုံ (တည်နေရာ) | ၂ |
| ၃။ | အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း | ၃ |
| ၄။ | ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း) | ၄ |
| ၅။ | လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | ၆ |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools တစ်ခုချင်းစီအတွက် သုံးသတ်ချက်များ | |
| | ၁။ကျေးရွာလူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ(Social Map) | ၇ |
| | ၂။ ရာသီခွင်ပြပြက္ခဒိန်(Seasonal Cleander) | ၉ |
| | ၃။ ဥစ္စာနေကြွယ်ဝမှုပြဇယား (Wealth Ranking) | ၁၁ |
| | ၄။ ကျားမ ပင့်ကူအိမ်သုံးသပ်ခြင်း(Cob Web) | ၁၃ |
| | ၅။ အရင်းအမြစ်အသုံးချမှုပုံစံပြဇယား(Asset Mapping) | ၁၅ |
| | ၆။ အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား (Veen Diagram) | ၁၈ |
| ၇။ | ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်း | ၂၁ |
| ၈။ | ကျေးရွာအချက်အလက်များ(PC 1) | ၂၃ |
| ၉။ | စီမံကိန်းစက်ဝန်းအချိန်ဇယား(PC 2) | ၂၇ |
| ၁၀။ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC 3) | ၂၈ |
| ၁၁။ | အစည်းဝေးမှတ်တမ်းများ | ၃၀ |
| ၁၂။ | ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၃၂ |

## ၁။ လှိုင်းဘွဲမြို့နယ်အခြေပြမြေပုံ



## ၂။ ကျေးရွာမြေပုံ (တည်နေရာ)



လွိုင်းတဲ့မြို့နယ် ၊ ပိုင်ကျုံမြို့ ၊ ကြက်တူရွေးကျေးရွာအုပ်စုမြေပုံ
N
မဲပရကျေးရွာအုပ်စု
ကြက်တူရွေး
ဘုရားကုန်း
ထီးဖိုးဖွီး
ကော့တာကြား
ကွန်းစု
ဓမ်ပါက်လောက် ကျေးရွာ အုပ်စု
ထီးဖိုးကိန်ကျေးရွာအုပ်စု
ရည် ညွှန်း ချက်
မြို့နယ် နယ်နိမိတ်
ကျေးရွာအုပ်စုနယ်နိမိတ်
ကျေးရွာအုပ်စု/ကျေးရွာ
မြစ်/ချောင်း
ကားလမ်း/လှည်းလမ်း

## ၃။ အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

၁။ ဘုရားကုန်း

၂။ ကော့ကြားမကော်

၃။ ကျောင်းစု

၄။ ကော့ကြား

၅။ ထီးဖိုးသီ

၆။ ကမား

၇။ တပိုးထို

၈။ တကုတို

၉။ ငှက်ပျောတော

၁၀။ ကျွန်းစု

၁၁။ ဝါးဆူးကလာ

၁၂။ ယာခလုံးနိုင်

## ၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

### ၁။ ကျေးရွာနောက်ခံသမိုင်း

ကျောင်းစုကျေးရွာသည် ကရင်ပြည်နယ်၊လှိုင်းဘွဲ့မြို့နယ်၊ ဖိုင်ကျုံမြို့နယ်(ခွဲ)၊ ကြက်တူရွေးကျေးရွာအုပ်စု(၁၂)ရွာထဲမှတစ်ရွာဖြစ်သည်။ ကျေးရွာ၏ အရှေ့ဘက်၌စိမ်းလန်းစိုပြည်စွာနှင့် သဘာဝအလှတရားများပြည့်စုံစွာတည်ရှိနေသည့် ဒေါနတောင်တန်း၏အရိပ်အောက်တွင်တည်ရှိကာ ထီလုံ-နဘူး-ကော့ကရိတ်အာရလမ်းမကြီးဖြတ်သွားသည့်ကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာတွင် ကျောင်းစု၊ ဝီးသွေးဖို၊ ဘာဖန့်နိုးဟူ၍အစု(၃)စုဖြင့်ပေါင်းစပ်ကာ ဖွဲ့စည်းထားသောကျေးရွာတစ်ရွာဖြစ်သည်။ ကျေးရွာတွင် အိမ်ခြေ-(၈၉)၊ အိမ်ထောင်စု-(၈၂)၊ လူဦးရေ ကျား-(၂၂၀)+မ-(၂၃၀)=၄၅၀-ဦးရှိပါသည်။ သက်ကြီးရွယ်အို(၆၅)နှစ်နှင့်အထက်(၈)ဦးရှိကာ၊ မသန်စွမ်း(၅)ဦးနှင့်အမျိုးသမီးဦးစီး အိမ်ထောင်စု(၁၇)စုရှိပါသည်။ တစ်ရွာလုံးပိုးကရင်လူမျိုးများဖြစ်ပြီး ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။

ကျောင်းစုကျေးရွာသည် ရှေးလူကြီးများ၏အဆိုအရ လွန်ခဲ့သောနှစ်ပေါင်း(၂၀၀)ကျော်ခန့်ကတည်းကတည်ရှိခဲ့ပြီးဖြစ်သည်။ ကျေးရွာအုပ်စုပင်မဘုန်းကြီးကျောင်းအနီးဆုံးတည်ရှိသောကြောင့် ကျောင်းစုကျေးရွာခေါ်တွင်ခဲ့ခြင်းဖြစ်သည်။ အင်္ဂလိပ်နှင့်ဂျပန်အုပ်ချုပ်စဉ်ကာလများတွင်လည်း ကျေးရွာတွင် တိုက်ပွဲဒဏ် အပြင်းအထန်ခံစားသေးကြောင်း နောက်ဆုံးဖက်ဆစ်ဂျပန်တော်လှန်ရေးတိုက်ပွဲ အကြောင်းမှိသူများပြောပြချက်အရသိရှိခဲ့ရသည်။ တော်လှန်ရေးပြီးစီး၍လွတ်လပ်ရေးရပြီးနောက်တော်လှန်ရေးတိုက်ပွဲများ ဖြစ်သောဖြတ်လေးဖြတ်နှင့် (၈၈)အရေးအခင်းတိုက်ပွဲများလည်း ကျေးရွာတွင်စစ်ဘေးဒဏ် အပြင်းအထန်ခံစားရသည်။

ကျောင်းစုကျေးရွာသည် ဖြတ်လေးဖြတ်နှင့်(၈၈)အရေးအခင်းတိုက်ပွဲများ၊ ကေအင်န်ယူ၊ DKBA စသောလက်နက်အဖွဲ့များ၏တိုက်ပွဲများကြားတွင် ဖြတ်သန်းခဲ့ရပြီးစစ်ဘေးစစ်ဒဏ် အပြင်းအထန် ခံစားရသည်။ ထို့ကြောင့်လည်း ကျေးရွာသည် ပညာရေး၊ကျန်းမာရေး၊လူမှုရေး၊စီးပွားရေးစသည့် အပိုင်းများတွင် တိုးတက်သင့်သလောက်မတိုးတက်ဘဲ ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးလျက်ရှိပါသည်။

ကျေးရွာတွင် ပညာရေးအပိုင်းအနေဖြင့်အတော်အားနည်းကာ ရှေးအခါက ဘုန်းကြီးကျောင်းနေရသည့် အမျိုးသားတစ်ချို့သာအနည်းငယ်တတ်မြောက်ကြသည်။ ၁၉၉၄-ခုနှစ် DKBA ပေါ်လာပြီးနောက်ပိုင်းတွင်မှ ရှာဦးဆရာတော်မှဦးဆောင်ကာ ဘုန်းတော်ကြီးသင်ပညာရေးစတင်ဖွင့်လှစ်လာကာ ပညာရေးအခွင့်အလမ်းရရှိလာခဲ့သော်လည်း ရှေးယခင်ခံစားခဲ့ရသော စစ်ဘေးစစ်ဒဏ်များကြောင့် ကျေးရွာလူထုများက ပညာရေးကို စိတ်ဝင်စားမှုအားနည်းနေသည်။ ယခုအတွင် ပညာရေးကဏ္ဍအနေဖြင့် ဆရာတော်ဘုရားနှင့်လူထုများ၏ ပူးပေါင်းဦးဆောင်မှုဖြင့် မူလွန်(ဘက)ကျောင်းနှင့်အခြေခံ ပညာအလယ်တန်းကျောင်းများတည်ရှိလာပြီးဖြစ်သော်လည်း ကျောင်းဆောင်နှင့်ကျောင်းပရိဘောဂများပြည့်စုံရန် များစွာလိုအပ်လျက်ရှိနေသေးသည်။ ကျေးရွာရှိကလေးများသည် အုပ်စုမူလွန်(ဘက)ကျောင်းနှင့်အခြေခံပညာအလယ်တန်းကျောင်းတို့ကိုသွားရောက်ပညာသင်ယူကြသည်။

ကျေးရွာ၏ အဓိကအသက်မွေးကြောင်းအလုပ်အကိုင်မှာ လယ်ယာလုပ်ငန်းဖြစ်သည်။စားသောက်ရန်အတွက်သာဖြစ်ပြီး အပိုအလျှံဝင်ငွေရရှောင်းချနိုင်ရန်မရှိသောကြောင့် ကျေးရွာရှိလူဦးရေအများစုသည်တောင်ပေါ်တက်ထိုင်းနိုင်ငံတွင်သွားရောက်အလုပ်လုပ်ကြသည်။ ကျေးရွာတွင်ဝင်ငွေပုံမှန်ရသောအလုပ်အကိုင် မရှိ

ခြင်း၊ ကျေးရွာထွက်အရင်းအမြစ်များအသုံးမချတတ်ခြင်း၊ဈေးကွက်မရှိခြင်းမသိခြင်းတို့ကြောင့် အခက်အခဲများကြုံတွေ့ရကာ အဓိကထိုင်းနိုင်ငံကိုမှီခိုနေရသည်။ယခုနောက်ပိုင်းတွင် ရော်ဘာစိုက်ပျိုးသူအနည်းငယ်ရှိလာသော်လည်းရော်ဘာဈေးကျခြင်းကြောင့် ဝင်ငွေရအောင ရော်ဘာခြစ်အကောင်အထည်ဖော်မှုမရှိသလောက်ရှိခြင်းတို့ကြောင့် ကျေးရွာလူထုအများစု စီးပွားရေးပြေလည်မှုမရှိသောအခက်အခဲကြုံ တွေ့နေရပါသည်။

လမ်းပန်းဆက်သွယ်အပိုင်းအနေဖြင့် ၂၀၁၆-ခုနှစ်နောက်ပိုင်းအာရှလမ်းမဖောက်လုပ်ခြင်းကြောင့် အဆင်ပြေချောမွေ့လာသော်လည်း ကျေးရွာတွင်းအစုသုံးစုဆက်သွယ်ရန်မိုးတွင်းပိုင်းတွင် အဓိကအခက်အခဲကြုံတွေ့နေရသည်။ အထူးသဖြင့် ကျောင်းသူ/သားကလေးများကျောင်းသွားနိုင်ရန် လမ်းနှင့်တံတားပြုပြင်တည်ဆောက်ရန်နှင့်ရွာမှသချိုင်းကုန်းသွားလမ်းများဖောက်လုပ်ရန်တို့မှာ အဓိကလိုအပ်နေသည်။ ကျေးရွာလူထုများမှလုပ်ဆောင်လိုသော်လည်း ဝင်ငွေအပိုအလျှံနည်းပါးခြင်းကြောင့် အကောင်အထည်ဖော်ရန်အခက်အခဲများကြုံတွေ့နေရသည်။

ကျန်းမာရေးအနေဖြင့် အုပ်စုဆေးခန်းကို အားထားမှီခိုနေရသည်။ တစ်ခါတစ်ရံဝန်ထမ်းဆရာ/မများမရှိသောအခက်အခဲများတော့ရှိသည်။ ထို့ပြင် ကျေးရွာလူထုများ၏ပညာရေးအားနည်း၍ ကျန်းမာရေးအသိပညာနည်းပါးသောကြောင့် ကာကွယ်ဆေးထိုးခြင်းများအခက်အခဲရှိနေသေးသည်။

ကျေးရွာတွင် အဓိကထိတွေ့နေရသောအဖွဲ့အစည်းများမှာ အစိုးရအုပ်ချုပ်ရေးအဖွဲ့၊ ကေအင်န်ယူ၊ ဘီဂျီအက်ဖ်၊ ငြိမ်းချမ်းရေးစသောအဖွဲ့များနှင့်ထိတွေ့ဆက်ဆံနေရသည်။ ကျောင်းစုကျေးရွာတွင် ၂၀၁၅-ခုနှစ်တွင် စတင်ဖွဲ့စည်းသော စပါးဘဏ်အဖွဲ့တစ်ဖွဲ့လက်ရှိထိရုံပုံငွေ(၂၀)သိန်းခန့်လည်ပတ်လျက်နေသည်။

ကျောင်းစုကျေးရွာသည် ၂၀၁၀-ခုနှစ်နောက်ပိုင်းနယ်မြေအခြေအနေအေးချမ်းလာပြီးနောက် အာရှလမ်းမကြီးဖြစ်ထွန်းလာကာ လမ်းပန်းဆက်သွယ်မှုကောင်းမွန်လာသောကျေးရွာတစ်ရွာဖြစ်သော်လည်း ပညာရေးအားနည်းခြင်း၊ ဝင်ငွေရသောအလုပ်အကိုင်ပုံမှန်မရှိ၍စားဝတ်နေရေးအဆင်မပြေခြင်း၊ ကျန်းမာရေးအသိပညာနည်းပါးခြင်း၊ ရှေးယခင်စစ်ဘေးစစ်ဒဏ်ကြောင့်ကြောက်ရွံ့စိတ်များရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရန် ပူးပေါင်းပါဝင်မှုမရှိခြင်းကြောင့်ကျန်းမာရေး၊ ပညာရေး၊လူမှုရေး၊လမ်းပန်းဆက်သွယ်ရေး၊စီးပွားရေးနှင့် လူနေမှုအဆင့်အတန်းစသောကဏ္ဍာဘက်ပေါင်းစုံတွင် ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်လျက်ရှိသောကျေးရွာတစ်ရွာဖြစ်ပါသည်။

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် အကျဉ်းချုပ်ဇယား

| စဉ် | အသုံးပြုခဲ့သော PRA tools များ | ဦးတည်အုပ်စုများ | အစည်းအဝေး | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|
| | | | ကျား | မ | |
| ၁ | ကျေးရွာအရင်းအမြစ်ပြမြေပုံ (Social Map) | ရပ်မိရပ်ဖခေါင်းဆောင်များ၊ ကျေးရွာလူထုများအားလုံး။ | ၂၂ | ၄၀ | အခြေခံအဆောက်အအုံများလမ်းပန်းဆက်သွယ်ရေးအခြေအနေ လယ်ယာမြေများကျေးရွာရှိသဘာဝအရင်းအမြစ်များ။ |
| ၂ | ရာသီခွင်ပြပြက္ခဒိန်(Seasonal Cleander) | ခေါင်းဆောင်များအမျိုးသား/အမျိုးသမီးဆင်းရဲနွမ်းပါးသူများ။ | ၂၂ | ၄၀ | စိုက်ပျိုးရိတ်သိမ်းကာလ(ကောင်းသောကာလ၊ ဆိုးသော)စီးပွားရေးဝင်ငွေရရှိမှုပွဲတော်ချိန်ရာသီဥတုကျန်းမာရေးဆိုင်ရာရေရရှိမှု။ |
| ၃ | ဥစ္စာနေကြွယ်ဝမှုပြဇယား (Wealth Ranking) | ချမ်းသာအလယ်အလတ်နွမ်းပါးစသောအုပ်စုများ | ၂၂ | ၄၀ | ကျေးရွာလူမှုစီးပွားရေးအခြေအနေကိုခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ်ရန် လူထုအားလုံးသဘောတူသတ်မှတ်ခြင်း။ |
| ၄ | ကျားစမ ပင့်ကူအိမ်သုံးသပ်ခြင်း (Cob Web) | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီး များ | ၂၂ | ၄၀ | အမျိုးသားနှင့်အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှုနှင့်မရရှိသည့်အကြောင်း အရင်းများကိုဖော်ထုတ်ဆွေးနွေးခြင်း။ |
| ၅ | အရင်းအမြစ်အသုံးချမှုပုံစံပြဇယား(Asset Mapping) | ကျေးရွာလူထုအားလုံး။ | ၂၂ | ၄၀ | ကျေးရွာရှိသဘာဝအရင်းအမြစ်များနှင့်လူမှုဆိုင်ရာအရင်း၊ အမြစ်များအားမည်သူကအသုံးပြုပြီးမည်သူကထိန်းချုပ်ထားရှိခြင်း၊ |
| ၆ | အဖွဲ့အစည်းဆိုတ်ဆက်မှုပြဇယား (Veen Diagram) | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ကျေးရွာဖွံ့ဖြိုးရေးလုပ်ဆောင်နေသည့်အဖွဲ့ကျေးရွာလူထု | ၂၂ | ၄၀ | ကျေးရွာအတွင်းရှိအဖွဲ့အစည်းများနှင့်မည်သောလုပ်ငန်းများအတွက်မည်သည့်အဖွဲ့များနှင့်တွဲ ဆက်လုပ်ကိုင်ဆောင်ရွက်မှုရှိခြင်း။ |
| ၇ | ကျေးရွာအခြေခံအချက်အလက် (PC 1) | အမျိုးသားအမျိုးသမီးနှင့်ကျေးရွာလူထုအားလုံး | ၂၂ | ၄၀ | အိမ်ခြေလူဦးရေလူမျိုးဘာသာစသော ကျေးရွာ အခြေခံအချက်အလက်များဖော်ထုတ်ခြင်း။ |
| ၈ | အခက်အခဲများမျှော်မှန်းချက်များကျေးရွာဖွံ့ဖြိုးရေးဦး စားပေးလုပ်ငန်းများဖော်ထုတ်ခြင်း။ (PC 3) | အမျိုးသားအမျိုးသမီးနှင့်ကျေးရွာလူထုအားလုံး | ၂၂ | ၄၀ | ကျေးရွာတွင်းရင်ဆိုင်နေရသောအခက်အခဲများ ကျေးရွာလူထု၏ မျှော်မှန်းချက်များ၊ ကျေးရွာဖွံ့ဖြိုးရေးအတွက်ဦးစားပေးလုပ်ငန်းများဖော်ထုတ်နိုင်ရန်။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools တစ်ခုချင်းစီအတွက် သုံးသတ်ချက်များ

### ၁။ ကျေးရွာလူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ(Social Map)



## လူမှုရေးအရင်းအမြစ်ပြမြေပုံ

(ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

မြို့နယ်-လိုင်းဘွဲ့ ကျေးရွာအုပ်စု-ကြက်တူရွေး

ရက်စွဲ-၂၆.၆.၂၀၁၉ ကျေးရွာ-ကျောင်းစု

❖ ကျေးရွာတွင်အိမ်ထောင်စု(၈၉)စုရှိပါသည်။အဓိကအသက်မွေးဝမ်းကျောင်းမှာလယ်ယာလုပ်ငန်းဖြစ်သည်။

❖ မီးသွေးဖုတ်ခြင်းဖြင့် အနည်းငယ်လုပ်ကိုင်သောအိမ်ထောင်စုလည်းရှိပါသည်။

❖ ဗုဒ္ဓဘာသာကိုသာ ကိုးကွယ်ယုံကြည်ကြပြီး ထိုင်းနိုင်ငံသို့သွားရောက်လုပ်ကိုင်သူများလည်းရှိသည်။


❖ ကျေးရွာတွင်မသန်စွမ်း (၄)ဦးရှိပြီး အမျိုးသမီးအိမ်ထောင်ဦးစီး (၁၄) ဦးရှိပါသည်။

## တိုးတက်ရန် အဓိကလိုအပ်ချက်များ

- ရွာတွင်လမ်းပြုပြင်ရန်နှင့်ရေမြောင်းကျော်တံတားလိုအပ်ခြင်း
- ရွာတွင်းလမ်းစနစ်တကျသတ်မှတ်ပြုပြင်ရန်လိုအပ်ခြင်း
- လျှပ်စစ်မီးရရှိရန်လိုအပ်ခြင်း

ပါဝင်ဆွေးနွေးသူ-ကျား(၂၂)ဦး
မ(၄၀)ဦး

## ၂။ ရာသီခွင်ပြပြက္ခဒိန်(Seasonal Cleander)



# ရာသီခွင်ပြပြက္ခဒိန်

(ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

မြို့နယ်-လှိုင်းဘွဲ့ ကျေးရွာအုပ်စု-ကြက်တူရွေး

ရက်စွဲ-၂၆.၆.၂၀၁၉ ကျေးရွာ- ကျောင်းစု

- ကျောင်းစုကျေးရွာသည် နေထိုင်သောကျေးရွာလူထုများသည် ကရင်လူမျိုးဖြစ်သည်နှင့်အညီ ဝါခေါင်လတွင်လက်ချည်ပွဲကျင်းပကြသည်။
- ဗုဒ္ဓဘာသာဝင်များဖြစ်၍ ဝါဆိုလတွင် ဝါဆိုသင်္ကန်းကပ်လှူကြပြီး တန်ဆောင်မုန်းလတွင် ကထိန်သင်္ကန်းကပ်လှူမှုများဖြင့်ကုသိုလ်ပြုကြပါသည်။
- စပါးကိုအဓိကစိုက်ပျိုးပြီး လယ်ယာလုပ်ငန်းလုပ်ကိုင်၍အသက်မွေးကြသည်။
- ကျေးရွာလူထုများသည် စပါးစိုက်ပျိုးထွန်ယက်သောအချိန်ကာလတွင် လယ်ယာလုပ်ငန်းခွင်ဝင်နေရ၍ အားလပ်မှုမရှိပါ။
- မိုးဦးကျချိန်တွင်လယ်ယာမြေများထွန်ယက်စိုက်ပျိုးချိန်ဖြစ်၍ လိုအပ်သောအရင်းအမြစ်များ ဝယ်ယူရန်ရှိသောကြောင့်ထွက်ငွေပိုများသည်။
- ဆောင်းဦးရာသီတွင်စပါးရိတ်သိမ်းပြီး ရောင်းချကြ၍ ဝင်ငွေပိုရပြီး အလှူအတန်းများပြုလုပ်ကြပါသည်။
- နွေရာသီတွင် နေပူချိန်များ၍ ရေခမ်းခြောက်မှုရှိသောကြောင့် သောက်သုံးရေလုံလောက်မှုမရှိပါ။

ပါဝင်ဆွေးနွေးသူ- ကျား(၂၂) ဦး
မ (၄၀) ဦး

## ၃။ ဥစ္စာဓနကြွယ်ဝမှုပြဇယား (Wealth Ranking)

ဥစ္စာဓနကြွယ်ဝမှုပြဇယား

မြို့နယ် - လှိုင်းဘွဲ့
ရက်စွဲ - ၂၆.၆.၂၀၁၉

ကျေးရွာအုပ်စု - ကြက်တုရွေး
ကျေးရွာ - ကျောင်းစု

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ပြေလည်သောအုပ်စု | တိုက်အိမ်၊ ကား၊ လယ်(၅ဧက)၊ တောင်ယာ ဆိုင်ကယ်၊ နွား၊ ဝက်၊ TV၊ စလောင်း၊ ကျွဲ၊ ကြက် | ၄ | ၄% |
| အလယ်အလတ်အုပ်စု | သစ်အိမ်၊ ဆိုင်ကယ်၊ ကား၊ လယ်ထွန်စက်၊ လယ်(၃ဧက)၊ ကြက်၊ ဝက်၊ ကျွဲ၊ နွား၊ တောင်ယာ | ၅၀ | ၅၆% |
| မပြေလည်သောအုပ်စု | ဖက်မိုးအိမ်၊ ကြက်၊ ဝက်၊ ဆိတ် | ၃၅ | ၄၀% |
| | စုစုပေါင်း | ၈၉ | ၁၀၀% |

ပါဝင်ဆွေးနွေးသူ - ကျား (၂၂)ဦး၊ မ (၄၀)ဦး

## ဥစ္စာဓနကြွယ်ဝမှုပြဇယား

(ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

မြို့နယ်-လိုင်းဘွဲ့ | ကျေးရွာအုပ်စု-ကြက်တူရွေး


ရက်စွဲ-၂၆.၆.၂၀၁၉ | ကျေးရွာ - ကျောင်းစု

- ❖ ကျေးရွာတွင်အိမ်ထောင်စု(၈၉) စုရှိ၍ ပြေလည်သောအုပ်စုမှာ(၄)စုရှိသည်။ပြေလည်သော အိမ်ထောင်စုတွင် တီဗီ၊စလောင်း၊လယ်(၅)ကေရှိသည့်အပြင် တိုက်အိမ်၊ကား၊ဆိုင်ကယ်နှင့် ကျွဲ၊နွားများလည်းရှိပါသည်။
- ❖ မပြေလည်သောအုပ်စု(၃၅)စုနှင့် အလယ်အလတ်အုပ်စု(၅၀) ရှိပါသည်။
- ❖ မပြေလည်သောအိမ်ထောင်စုများသည် ဖက်အမိုးအကာများဖြင့်သာနေအိမ်များတည် ဆောက်ကြသည်။နေ့စားကျဘမ်းအလုပ်များဖြင့် ကောက်စိုက်သွားပြီး မိမိတို့၏စားဝတ် နေရေးပြေလည်အောင်လုပ်ကိုင်စားသောက်ကြသည်။

ပါဝင်ဆွေးနွေးသူ- ကျား(၂၂) ဦး

မ (၄၀) ဦး

## ၄။ ကျား၊မ ပင့်ကူအိမ်သုံးသပ်ခြင်း(Cob Web)



## ပင့်ကူအိမ်သုံးသပ်ခြင်း

(ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)


မြို့နယ်-လှိုင်းဘွဲ့ ကျေးရွာအုပ်စု-ကြက်တူရွေး


ရက်စွဲ - ၂၆.၆.၂၀၁၉ ကျေးရွာ - ကျောင်းစု

- အမျိုးသမီးများသည် မိမိတို့၏နေအိမ်တွင်အိမ်မှုကိစ္စများနှင့်သာအချိန်ကုန်နေသောကြောင့် အခြားဝင်ငွေရအလုပ်အကိုင်များလည်းလုပ်ဆောင်ရန်မအားလပ်သည့်အပြင်အပိုဝင်ငွေများမရှိပါ။
- အမျိုးသားနှင့်အမျိုးသမီးတို့သည် ဆုံးဖြတ်ချက်ချရသည့်အချိန်နှင့်ဦးဆောင်မှုများတွင် သူ့နေရာနှင့်သူ ဆုံးဖြတ်လုပ်ကိုင်ကြသည်။
- အမျိုးသမီးများသည်အမျိုးသားများထက်မိမိပတ်ဝန်းကျင်တွင်လုံခြုံမှုရှိရရန်အားနည်းနေသေးသည့် အပြင် ထိခိုက်လွယ်သောအုပ်စုများလည်းဖြစ်သည်။

ပါဝင်ဆွေးနွေးသူ - ကျား (၂၂) ဦး
မ (၄၀) ဦး

## ၅။ အရင်းအမြစ်အသုံးချမှုပုံစံပြဇယား(Asset Mapping)




အရင်းအမြစ်ထိန်းချုပ်မှုပြဇယား
ကျား
မ
ကျား + မ
လယ်
တံတား
ရေတွင်း
မီးစက်
ကား

## ပိုင်ဆိုင်မှုသုံးသပ်ခြင်း

(ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

မြို့နယ်-လှိုင်းဘွဲ့ ကျေးရွာအုပ်စု - ကြက်တူရွေး

ရက်စွဲ - ၂၆.၆.၂၀၁၉ ကျေးရွာ - ကျောင်းစု


- လယ်ထွန်စက်၊မီးစက်၊ထော်လာဂျီနှင့်စတင်းများကိုအမျိုးသားများအသုံးပြုကြပြီး သူတို့ကိုယ်တိုင်ပြုပြင်ထိန်းသိမ်းကြသည်။

- ရက်ကန်းနှင့်အပ်ချုပ်စက်များကို အမျိုးသမီးများအသုံးပြုကြပြီး ပြင်ဆင်ထိန်းသိမ်းမှုများပြုလုပ်သည်။

- ကားနှင့်ဆိုင်ကယ်၊ပန်ကာ၊ရေတွင်း၊လမ်း၊တံတားများကိုအမျိုးသား၊အမျိုးသမီးအားလုံး အသုံးပြုကြသည်။

ပါဝင်ဆွေးနွေးသူ - ကျား (၂၂) ဦး
မ (၄၀) ဦး

## ၆။ အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား (Veen Diagram)




KNU
BBF
PC (KNLA)

## အဖွဲ့အစည်းချိတ်ဆက်မှု

(ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

မြို့နယ်- လှိုင်းဘွဲ့ ကျေးရွာအုပ်စု - ကြက်တူရွေး

ရက်စွဲ - ၂၆.၆.၂၀၁၉ ကျေးရွာ - ကျောင်းစု

- အုပ်ချုပ်ရေးအဖွဲ့သည်ကျေးရွာတွင်းအဖွဲ့အစည်းများ၊ကျေးရွာပြင်ပအဖွဲ့အစည်းများနှင့်ချိတ်ဆက်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်စေရန် အဓိကဦးဆောင်သည်။
- ရပ်မိရပ်ဖအဖွဲ့နှင့်ဂေါပကအဖွဲ့တို့သည် ကျေးရွာရှိသာရေးနာရေးတွင် အဓိကလုပ်ဆောင်ပြီး ကျောင်းကော်မတီအဖွဲ့သည် ကျေးရွာလူထု၏ပညာရေးဆိုင်ရာကိစ္စရပ်များတွင်ဦးဆောင်သည်။
- CDD ကော်မတီဝင်များကို ၂၀၁၈ ခုနှစ်တွင် စတင်ဖွဲ့စည်းပြီးကျေးရွာလူထုနှင့်အတူ ဖွံ့ဖြိုးတိုးတက်ရေးဦးစားပေးအစီအစဥ်များရေးဆွဲကြသည်။
- BGF, KNU,PC(KNLA) အဖွဲ့များကိုကျေးရွာ၏လုံခြုံရေးလိုအပ်သောအချိန်များတွင် အကူအညီတောင်းခံမှုများရှိပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား (၂၂) ဦး
မ (၄၀) ဦး

ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့

ကျေးရွာ ကျောဝင်းရ ကျေးရွာအုပ်စု ကြက်တူရွေး

| စဉ် | အမည် | ရာထူး / တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|
| ၁ | ဦးစောအဲ့ရှိနိုး | ကျေးရွာစီထောက်ကော်မတီဥက္ကဋ္ဌ | |
| ၂ | ဒေါ်မုန်းကြေသိုင် | ကျေးရွာစီထောက်ကော်မတီဥက္ကဋ္ဌ | 09847631216 |
| ၃ | ဦးချစ်သန်း | ဝယ်ယူရေး ဆပ်ကော်မတီ | |
| ၄ | ဒေါ်နံ့ထောင်းထောင်း | ဝယ်ယူရေး ဆပ်ကော်မတီ | |
| ၅ | ဦးကေးလေးကေး | လုပ်ငန်း၊ လည်ပတ်ပြုပြင်ထိန်းသိမ်းခြင်း | |
| ၆ | ဒေါ်မယ်ဝိန် | လုပ်ငန်းလည်ပတ်ပြုပြင်ထိန်းသိမ်းခြင်း | |
| ၇ | ဒေါ်နော်ဇူပေါ့ထွန်း | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | |
| ၈ | ဦးကြည်ဝင်း | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | |
| ၉ | ဦးစောအာတူဖိုး | ကျေးရွာစာရင်းကိုင် | |
| ၁၀ | စောသံယောအဉ် | ကျေးရွာစေတနာ့ဝန်ထမ်း | |
| ၁၁ | နန်းမုန်းအွာသိမ့် | ကျေးရွာစေတနာ့ဝန်ထမ်း | |
| ၁၂ | ဦးစောရွှေမြိုင် | ဝေဖန်အကြံပြု ကိုယ်စားလှယ် | |
| ၁၃ | ဒေါ်သန်းမြင့် | ဝေဖန်အကြံပြု ကိုယ်စားလှယ် | |





# ၆။ ကျေးရွာအချက်အလက်များ(PC 1)

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီးသွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအားကျေးရွာအချက်အလက်များကိုမေတ္တာရပ်ခံ၍တောင်းခံရသည်။ဤအချက်အလက်များကိုစီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏အမည် |
|---|---|---|
| ဦးကေ့ဖလေကး | 09895084013 | နန်းနှင်း နုနုဖွေး |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ကရင် | လှိုင်းဘွဲ့ | ကြက်တူရွေး | ကျောင်းစု |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁)-ပိုးကရင် | ၇၆ | ဘာသာ(၁)-ဗုဒ္ဓ------ | ၇၆ |
| လူမျိုးစု (၂)----------- | | ဘာသာ(၂)------------ | |
| လူမျိုးစု (၃)------------ | | ဘာသာ(၃)------------ | |
| လူမျိုးစုရော------------- | | ဘာသာရော----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၄ ဦး | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၃ ဦး | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီး(အရေအတွက်) | စုစုပေါင်းအရေအတွက် |
|---|---|---|---|
| လူဦးရေ | | | |
| လူမျိုးစု (၁)--ပိုးကရင် | ၂၂၈ | ၂၃၄ | ၄၆၂ ဦး |
| လူမျိုးစု (၂)---------- | | | |
| လူမျိုးစု (၃)---------- | | | |
| အခြား | | | |
| အိမ်ထောင်ဦးစီး | ၇၅ | ၁၄ | ၈၉ |

(ခ)အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေးအဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

## (ဂ)ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သောကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂)ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားမှလား |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ(အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | (ကတ္တရာလမ်း) | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဖဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — ခုနှစ် 2015 /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှဇင်းကျေးရွာအုပ်စု၏ဗဟိုအထိခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၄ ဖာလုံ --------/မသိပါ

(၂) ဤကျေးရွာမှ ဇင်းကျေးရွာအုပ်စုဗဟိုအထိသွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်--- ၅ မိနစ် ----ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လား/မော်တော်ဘုတ်/

အခြား ------------------

မိုးရာသီတွင်ကြာချိန်------- ၅ မိနစ် ----------ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လား/မော်တော်ဘုတ်/

အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင်ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ--------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့)ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခု ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ----------------------------------

(၂) ----------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည်

ကျေးရွာခေါင်းဆောင်

အမည် ဦးကေးလေးကေး

လက်မှတ် ကေ နေ့စွဲ 17.5.2019

လူထုစည်းရုံးရေးမှူး

အမည် နန်းနှင်းဥဥဖြူ

လက်မှတ် နှင်း နေ့စွဲ 17.5.2019

## ၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား(PC 2)

ပုံစံ - စ-၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်းကျေးရွာနှင့် ကျေးရွာအုပ်စုအတွက်ဤပုံစံကိုဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/လက်ထောက်နည်းပညာရေးမှူးဝန်ထမ်း အမည် - နန်းနှင်းနုနုဖွေး (CF)၊ မဝတ်ရည်နိုင်(TF)

နေ့စွဲ ၂၆.၆.၂၀၁၉

စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄)

ပြည်နယ်/တိုင်း ကရင် | မြို့နယ် လှိုင်းဘွဲ့ | ကျေးရွာအုပ်စု ကြက်တူရွေး | ကျေးရွာ ကျောင်းစု

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | |
|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၆.၆.၂၀၁၉ | ၂၆.၆.၂၀၁၉ | ၂၂ | ၄၀ | ၆၂ | ပိုးကရင် / ၆၂ | ၈၉ | ၇၀% |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်းအစည်းအဝေး | ၂၆.၆.၂၀၁၉ | ၂၆.၆.၂၀၁၉ | ၂၂ | ၄၀ | ၆၂ | ပိုးကရင် / ၆၂ | ၈၉ | ၇၀% |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့်အစည်းအဝေး | | | | | | | | |
| ၄။ မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မတီ၏ | | | မလို | မလို | မလို | မလို | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC 3)

### ပုံစံ - စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့်(၃)ကျေးရွာမျှော်မှန်းချက်အစည်းအဝေးပြီးဆုံးသောအခါ ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် နန်းနွံ နန်းဖွေး | | | |
| နေ့စွဲ ၂၆ . ၆ . ၂၀၁၉ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း ကချင် | ဗန်းမော် မြို့နယ် | ကျေးရွာအုပ်စု ကြက်တော့ကျေး | ကျေးရွာ ကျောင်းရွာ |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင်ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| မိုးရာသီတွင် ချောင်းလမ်းများ ပြတ်တောက်နေကျသော ကြောင့် သွားလာရခက်ခဲခြင်း | □ ကျား □မ ☑ကျား+ မ |
| နွေရာသီတွင် ရေကျွဲပါး၍ သောက်သုံးရေ မလုံ လောက်ခြင်း | □ ကျား □မ ☑ကျား+ မ |
| လမ်းမီး မရှိ၍ ညအချိန် သွားလာရ ဘေးအန္တရာယ်ရှိခြင်း | □ ကျား □မ ☑ကျား+ မ |
| ယာလုပ်ငန်းမှသာ အဓိက အလုပ်အကိုင် ဖြစ်၍ ဝင်ငွေ နည်း ခြင်း | □ ကျား □မ ☑ကျား+ မ |
| စိုက်ပျိုးရေး နည်းပညာ အားနည်းခြင်းကြောင့် အလုပ်အကိုင် အခွင့်အလမ်း မပြေ၍ ဝင်ငွေနည်းပါးခြင်း | □ ကျား □မ ☑ကျား+ မ |

ခ။ မျှော်မှန်းခြင်း- နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| မြေနီလမ်း ရရှိလာပြီး ကျေးရွာလူထုများ သွားလာ အဆင်ပြေလာမည် | □ ကျား □မ ☑ကျား+ မ |
| ရေကျော်သောက်ရေ ရရှိ၍ ကျန်းမာရေး ကောင်းမွန်လာပြီး ကား၊ ဆိုင်ကယ်များ သွားလာ ရ လွယ်ကူစေမည် | □ ကျား □မ ☑ကျား+ မ |
| လမ်းမီး ရရှိ၍ ညအချိန် မပူမပင် သွားလာနိုင် မည် | □ ကျား □မ ☑ကျား+ မ |
| ယာလုပ်ငန်းမှသာ အဓိက ဝင်ငွေ ရရှိ ... များ သုံး၍ ... ကျန်းမာရေး သိရှိ ... ရှိလာစေမည် | □ ကျား □မ ☑ကျား+ မ |
| စိုက်ပျိုးရေး နည်းပညာများ ပိုမိုရရှိလာပြီး စိုက်ပျိုးရေး ဖွံ့ဖြိုး၍ ဝင်ငွေ ရ အလုပ်အကိုင်များ ရရှိလာမည် | □ ကျား □မ ☑ကျား+ မ |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC 3)

ဂ။ လူထုစီမံကိန်း၏ လာမည့်( ၄)နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| ဦးစားပေး အဆင့် သတ်မှတ်ချက် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ(အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အချိန်ကာလ | ခန့်မှန်း ကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူဦးရေအတွက် | | |
|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း |
| ၁ | လှည်းလမ်းမြေနီပေါ်ခင်းပြုပြင်ခြင်း (2700'×12'×1') | အမျိုးသား+အမျိုးသမီး | ဖေ/မတ် | 162 သိန်း | ၂၂၈ | ၂၃၄ | ၄၆၂ |
| ၂ | ရေမြောင်းကျောက်ကာရံ တံတား (10'×8'×4') | အမျိုးသား+အမျိုးသမီး | ဖေ/မတ် | 80 သိန်း | ၂၂၈ | ၂၃၄ | ၄၆၂ |
| ၃ | (၃)ခန်းတွဲ အိမ်သာ (15'×5'×7') | အမျိုးသား+အမျိုးသမီး | [illegible] | 36 သိန်း | ၂၂၈ | ၂၃၄ | ၄၆၂ |
| ၄ | ရေတွင်းဆောက်ပြုပြင်ခြင်း (25'×4') | အမျိုးသား+အမျိုးသမီး | [illegible] | 25 သိန်း | ၂၂၈ | ၂၃၄ | ၄၆၂ |
| ၅ | | | | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အချိန်ကာလ |
|---|---|---|---|
| ၁ | ဆိုလာမီး | အမျိုးသား+အမျိုးသမီး | မိုးလင်းရေး |
| ၂ | စိုက်/မွေးသင်တန်း | အမျိုးသား+အမျိုးသမီး | [illegible] |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှအတည်ပြုသည်။

အမည် ဦးကျော်ဝေကျော် လက်မှတ် [illegible] နေ့စွဲ ၂၆.၆.၂၀၁၉

## ၁၁။ အစည်းဝေးမှတ်တမ်းများ

အစည်းအဝေးမှတ်တမ်း

ကျေးရွာအမည် - ကျောင်းစု

အချိန်/နေ့ရက်- ၂၆.၆.၂၀၁၉

ကျေးရွာအုပ်စုအမည်- ကြက်တူရွေး

နေရာ - ရွာထိပ်ဘုရားရင်ပြင် ဇရပ်

အစည်းအဝေးပြုလုပ်ရခြင်းအကြောင်းအရာ ပထမအကြိမ်နှင့် ဒုတိယအကြိမ် ကျေးရွာအစည်းအဝေး

ဆွေးနွေးချက်နှင့် ဆုံးဖြတ်ချက်

အစည်းအဝေးကို နံနက် (၁၀:၀၀) နာရီတွင် PC-11 ကောက်ယူပြီး စတင်ပါသည်။ လူထုစည်းရုံးရေးမှူးမှ အစည်းအဝေးပြုလုပ်ရခြင်း ရည်ရွယ်ချက်အား ရှင်းပြပါသည်။ ဆက်လက်ပြီး စီမံကိန်းမိတ်ဆက်ခြင်းနှင့် စီမံကိန်းစက်ဝန်း အကြောင်းကို ကျေးရွာလူထုနှင့်အတူ အပြန်အလှန် ဆွေးနွေးကြပါသည်။ လူထုစည်းရုံးရေးမှူးမှ လိုအပ်သည့်အချက်များအား ပြန်လည်ဖြည့်စွက်ပြောကြားပါသည်။ နံနက် (၁၀:၃၀) နာရီတွင် ဝေဖန်အကြံပြုစနစ် အကြောင်းများကို လက်ထောက်နည်းပညာမှူးမှ ကျေးရွာလူထုနှင့်အတူ ပြန်လည်ဆွေးနွေးကြပါသည်။ ဆက်လက်ပြီး ကျေးရွာစေတနာ့ဝန်ထမ်း နှစ်ဦးအား ပြန်လည်အတည်ပြုရွေးချယ်ရာတွင် အမျိုးသားနေရာကို စေတနာ့ယောဇဉ်မှ ပါဝင်ရန် သဘောတူညီကြပါသည်။

နံနက် (၁၁:၀၀) နာရီတွင် ကျေးရွာလူထုနှင့်အတူ လူမှုဆန်းစစ်ခြင်းများအား ပြန်လည်အတည်ပြုဆွေးနွေးကြပါသည်။ ပင်မကို အဓိပ္ပာယ်သတ်မှတ်ချိန်ကို ကျွန်ုပ်၊ ဝေ အဖွဲ့၊ ဖွဲ့က ပြန်လည်ဆွေးနွေးကြပါသည်။ ထို့နောက်ပြီး ကျေးရွာလူထု၏ အခက်အခဲများနှင့် မျှော်မှန်းချက်များကို ပြန်လည်အတည်ပြုဆွေးနွေးကြပါသည်။ ပြီးနောက် ကျေးရွာလူထုများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးလုပ်ငန်းစဉ်များကို ပြန်လည်ရွေးချယ်အတည်ပြုဆုံးဖြတ်ကြပါသည်။

နေ့လည် (၁၂:၀၀) နာရီတွင် ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများ၊ နှင့်အခေါ်ရန်၊ ကျောင်းရန်များကို လူထုစည်းရုံးရေးမှူး မှ ဥ၊ လ၊ ပြောပြပေးပါသည်။ ကော်မတီဝင်များအား COC နှင့် HR ၂ ကို ဖတ်ယောက်စိစစ်ဖြင့်ပြီး သဘောတူညီမှုလက်မှတ်များ၊ ဖြင့်ထိုး ကတိပြုကြပါသည်။ (၁၂:၄၅) တွင် ကျေးရွာစီထောက်ကော်မတီ ဦးစောအဲခိုရီ မှ ကျေးဇူးတင်စကားပြောကြားပြီး အစည်းအဝေးအား ရုတ်သိမ်းလိုက်ပါသည်။

မှတ်တမ်းပြုစုသူ - အမည် - နန်းနှင်းနု နွမ် လက်မှတ်- (signature) နေ့ရက်- ၂၆. ၆. ၂၀၁၉

အတည်ပြုသူ - အမည် - ဦးစောအဲခိုရီ လက်မှတ်- (signature) နေ့ရက်- ၂၆. ၆. ၂၀၁၉

## ၁၂။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| ကဏ္ဍ | စဉ် | လုပ်ငန်းအမျိုးအစား | အဆိုပြုသူ (အမှန်ခြစ်ရန်) | | | ခုနှစ် | ထောက်ပံ့မည့်အဖွဲ့အစည်း (သို့) ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား+မ | | | |
| အခြေခံအဆောက်အဦးကဏ္ဍ (လမ်း/တံတား/ရေရရှိရေး/မီးလင်းရေး) | ၁ | ရွာတွင်းမြေနီလမ်း ပြုပြင်ခြင်း | | | √ | ၂၀၂၀ | CDD&DRD | |
| | ၂ | ရေမြောင်းကျော် ကွန်ကရစ်တံတား | | | √ | ၂၀၂၁ | CDD&DRD | |
| | ၃ | လမ်းမီးလင်းရေး(ဆိုလာ) | | | √ | ၂၀၂၂ | DRD | |
| | ၄ | ရေတွင်းဟောင်း ပြုပြင်ခြင်း | | | √ | ၂၀၂၃ | DRD | |
| | ၅ | | | | | | | |
| လူမှုစီးပွားရေးကဏ္ဍ (ပညာရေး/ကျန်းမာရေးနှင့်ဆိုင်သော အဆောက်အဦးများနှင့် အခြားလိုအပ်ချက်များ) | ၁ | (၃)ခန်းတွဲအိမ်သာ | | | √ | ၂၀၂၄ | DRD | |
| | ၂ | စိုက်၊မွေးသင်တန်း | | | √ | ၂၀၂၅ | စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဦးစီးဌာန | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| သက်မွေးဝမ်းကြောင်းကဏ္ဍ (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆိုင်သော အဆောက်အဦးများနှင့် အခြားလိုအပ်ချက်များ) | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| သဘာဝဘေးအန္တရာယ် လျော့ပါးရေး ကဏ္ဍ | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| အခြားကဏ္ဍ (ဌာနဆိုင်ရာများသို့ လွှဲပြောင်းနိုင်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခြင်းမရှိသော လုပ်ငန်းများ) | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |